DeKalb County School District

Digital Dreamers

# Digital Dreamers အင်တာနက်ချိတ်ဆက်မှု စက်ပစ္စည်း အသုံးပြုသူဆိုင်ရာ သဘောတူညီချက် SY2024-2025

DeKalb ကောင်တီကျောင်းခရိုင်သည် ကျောင်းပညာသင်နှစ် (SY 2024 – 2025) အတောအတွင်း ဂရိတ် PreK – 12 တန်းအထိ ကျောင်းသားများ အသုံးပြုရန်အတွက်ဂှာ နေအိမ်သို့ အင်တာနက် ချိတ်ဆက်မှုကိရိယာတစ်ခု ချအပ်ပေးသွားမည် ဖြစ်သည်။ အင်တာနက် ချိတ်ဆက်မှု ကိရိယာများသည် DCSD (DeKalb ကောင်တီကျောင်းခရိုင်) ၏ ပိုင်ဆိုင်မှုအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ပြီး၊ ခရိုင်မှ ထွက်ခွာသည့်အခါတွင်၊ နှင့်/သို့မဟုတ် တစ်နှစ်တာအဆုံးသတ် ပစ္စည်းပြန်လည်စုဆောင်းကောက်ခံမှု လုပ်ငန်းစဉ်အခါတွင် ပြန်လည်ပေးအပ်ရမည် ဖြစ်သည်။

Chromebook များကို သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ မိဘများနှင့် ကျောင်းသားများသည် အောက်ပါ ညွှန်ကြားချက်များနှင့် ကျောင်း၊ စာသင်ခန်းနှင့် ခရိုင်ကျောင်း၏ မူဝါဒများ၊ လုပ်ငန်းစဉ်များကို သေချာစွာ ဖတ်ရှု၊ လက်မှတ်ထိုးပြီး လိုက်နာရမည်ဖြစ်သည်။

**ဆက်သွယ်ရန်ပုဂ္ဂိုလ်-** သင့်တွင် မေးမြန်းစရာများနှင့် စိုးရိမ်ပူပန်မှုများရှိပါက သင်၏ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ထံ ဆက်သွယ်ပါ။

## အင်တာနက်ချိတ်ဆက်မှု ကိရိယာ အသုံးပြုသူ သဘောတူညီချက်

### စက်ပစ္စည်းကို လက်ခံရယူခြင်း

<u>စက်ပစ္စည်းကို မထုတ်ပေးမီ မိဘများနှင့် ကျောင်းသားများသည် ဤသဘောတူညီချက်ကို လက်မှတ်ထိုးပြီး ပြန်ပေးရပါမည်။</u>

### စက်ပစ္စည်းကို ပြန်လည်အပ်နှံခြင်း

စာသင်နှစ် ကုန်ဆုံးချိန်တွင် စက်ပစ္စည်းကို ကျောင်းသို့ ပြန်လည်အပ်နှံရမည်။ DCSD မှပေးအပ်ထားသည့် စက်ပစ္စည်းများကို သုံးစွဲခွင့်အား မည်သူ့ကိုမျှ လွှဲပြောင်းပေးပိုင်ခွင့် မရှိဘဲ ကျောင်းတွင် ဆက်လက်အပ်နှံခြင်း မရှိတော့ပါက သုံးစွဲခွင့် ပျက်ပြယ်မည်ဖြစ်သည်။

အကြောင်းရင်းတစ်ခုခုကြောင့် ကျောင်းပြောင်းသွားသော၊ ကျောင်းထွက်သွားသော၊ ကျောင်းမှ ထုတ်ပယ်ခံရသော သို့မဟုတ် ကျောင်းအပ်နှံရန် စာရင်းသွင်းခြင်းကို ရပ်စဲလိုက်သော ကျောင်းသားများသည် ကျောင်းမှထွက်သည့်နေ့/ကျောင်းအပ်နှံရန် စာရင်းသွင်းမှုကို ရပ်စဲလိုက်သည့်နေ့တွင် ၎င်းတို့၏စက်ပစ္စည်းကို ပြန်အပ်နှံရပါမည်။

ကိရိယာအား ပြန်လည်ပေးအပ်ရန် ပျက်ကွက်သော မည်သည့်ကျောင်းသားမဆိုသည် ကိရိယာ ပြန်လည်အစားထိုးစရိတ် အပြည့်အဝနှင့်တကွ တွဲဖက်ပစ္စည်းများမှန်သမျှအတွက် ပေးချေရန် တာဝန်ရှိပြီး၊ ကြွေးကျန်ဆပ်မှု ဆောင်ရွက်ပြီးချိန်အထိ ဂရိတ်ကတ်များ၊ ရမှတ် မှတ်တမ်းများ၊ ဒီပလိုမာများ သို့မဟုတ် တိုးတက်မှုအခြေအနေ အသိအမှတ်ပြုလက်မှတ်များ အစရှိသည်တို့ ဆိုင်းငံ့ခံထားရကောင်း ခံထားရပေမည်။

### ပျက်စီးမှုနှင့် ဆုံးရှုံးမှု-

စက်ပစ္စည်းကို ကျောင်းသားအား ထုတ်ပေးထားချိန်အတွင်း တမင်သက်သက်ဖြစ်စေ၊ ပေါ့ဆမှုကြောင့်ဖြစ်စေ ပျက်စီး၊ ပျောက်ဆုံး သို့မဟုတ် ခိုးယူခံရပါက ကျောင်းသားနှင့် ကျောင်းသားမိဘ/ အုပ်ထိန်းသူသည် ဤစာရွက်စာတမ်းတွင် သတ်မှတ်ဖော်ပြထားသည့် ဒဏ်ကြေးများကို ပေးချေရန် တာဝန်ရှိပါမည်။

### ပေါ့ဆမှု

အကယ်၍ တူညီသော ကျောင်းစာသင်နှစ်တစ်နှစ်တည်းအတွင်း စက်ပစ္စည်းသည် အကြိမ်ပေါင်းများစွာ ထိခိုက်ပျက်စီးမှုရှိခဲ့လျှင် အင်တာနက် ချိတ်ဆက်မှု စက်ပစ္စည်း၏ အစားထိုးစရိတ် အပြည့်အစုံအပါအဝင် အရေးယူဆောင်ရွက်မှုများအား ခရိုင် စီမံအုပ်ချုပ်မှုမှ ဆုံးဖြတ်ပေးသွားမည် ဖြစ်သည်။

### စက်ပစ္စည်းကို တာဝန်ယူမှုရှိစွာ သုံးစွဲခြင်း

ခရိုင်မှထုတ်ပေးသော စက်ပစ္စည်းများအား အသုံးပြုသူ အားလုံးသည် ခရိုင်မူဝါဒ နှင့် စီမံလည်ပတ်မှုဆိုင်ရာ လမ်းညွှန်ချက်များ *IFBGA အတွင်း ဖော်ပြထားသည့် မျှော်မှန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည် - လုပ်ငန်းကွန်ရက်ကို တာဝန်ယူ သုံးစွဲမှု၊ JD- ကျောင်းသားများ လိုက်နာရမည့် စည်းကမ်းချက်/ကျင့်ဝတ် စည်းကမ်းများနှင့် JS- ကျောင်းသား ဒဏ်ကြေးများ၊ အခကြေးများ၊ နှင့် ကောက်ခံမှုများ။* ဤမျှော်လင့်ချက်များကို လိုက်နာရန် ပျက်ကွက်ပါက ကျောင်းသားသည် စည်းကမ်းပိုင်းနှင့် သက်ဆိုင်သော ပြစ်ဒဏ်များကို ခံယူရနိုင်ပါသည်။ ခရိုင်မူဝါဒများ အားလုံးအား www.dekalbschoolsga.orgတွင် တွေ့ ရှိနိုင်ပါသည်။

၎င်းစက်ပစ္စည်းများသည် ကျောင်းခရိုင်မှ စစ်ထုတ်စီစစ်ပေးထားသော CIPA (ကလေးများအတွက် အင်တာနက် ကာကွယ်ရေးဆိုင်ရာ အက်ဥပဒေ) အား လိုက်နာဆောင်ရွက်မှုရှိပြီး၊ သင်ကြားပို့ချမှု ရည်ရွယ်ချက်များအတွက်သာလျှင် အသုံးပြုရန် ဖြစ်သည်။ ကျောင်းဝင်းပြင်ပတွင် ရှိနေစဉ် ကျောင်းသား၏ စက်ပစ္စည်းသုံးစွဲမှုကို စောင့်ကြည့်စစ်ဆေးရန် မိဘများ/ အုပ်ထိန်းသူများတွင် အပြည့်အဝ တာဝန်ရှိပါသည်။ ကျောင်းသားများသည် စက်ပစ္စည်းအသုံးပြု၍ မသင့်လျော်သော အပြုအမူများကို ပြသခြင်း သို့မဟုတ် မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို တားမြစ်ထားသည့် အကြောင်းအရာများကို ဝင်ရောက်ကြည့်ရှုခြင်း ပြုလုပ်၍ မရနိုင်ပါ။ ကျောင်းဝင်းအတွင်းတွင်ဖြစ်စေ ကျောင်းပြင်ပတွင်ဖြစ်စေ ကျောင်းသားများသည် စက်ပစ္စည်းအား မသင့်လျော်သည့် သုံးစွဲနည်းများဖြင့် သုံးစွဲပါက စည်းကမ်းပိုင်းနှင့် သက်ဆိုင်သော ပြစ်ဒဏ်များကို ခံယူရနိုင်ပါသည်။

## ကိုယ်ရေးကိုယ်တာလုံခြုံမှု

ခရိုင်မှ ထုတ်ပေးထားသည့် စက်ပစ္စည်းများကို DCSD မှသာ ပိုင်ဆိုင်သည်။ သို့ဖြစ်သောကြောင့် ယင်းစက်ပေါ်တွင် သင်လုပ်ဆောင်သမျှကို သင့်ကိုယ်ရေးကိုယ်တာကိစ္စဟု မှတ်ယူခြင်း မရှိစေရ။ ဆိုလိုသည်မှာ DCSD ဝန်ထမ်းများသည် မည်သည့်အချိန်၌မဆို ခရိုင်မှ ထုတ်ပေးထားသော လျှပ်စစ်ကိရိယာ မှန်သမျှအား သိမ်းဆည်းခွင့်၊ နှင့် ကိရိယာ အသုံးပြုမှုနှင့်ပတ်သက်ပြီး ရှာဖွေခွင့် ရှိပေသည်။

DeKalb ကောင်တီ ကျောင်းခရိုင်သည် ကလေးများအတွက် အွန်လိုင်း ကိုယ်ရေးကိုယ်တာစောင့်ထိန်းမှု ကာကွယ်ရေး အက်ဥပဒေ (**COPPA**) ၊ ကလေးများအတွက် အင်တာနက် ကာကွယ်ရေး အက်ဥပဒေ (**CIPA**) ၊ နှင့် မိသားစုပညာရေးဆိုင်ရာ အခွင့်အရေးများ နှင့် ကိုယ်ရေးကိုယ်တာစောင့်ထိန်းမှုဆိုင်ရာ အက်ဥပဒေ (**FERPA**) အစရှိသည်တို့၏ ရှုထောင့်အမြင်များ အားလုံးအား အသိအမှတ်ပြုပါသည်။

DeKalb ကောင်တီကျောင်းခရိုင်သည် ကျောင်းသား၏ နေအိမ် ကွန်ယက်များ၊ စက်ပစ္စည်းများ သို့မဟုတ် အင်တာနက် ချိတ်ဆက်မှုများတို့အား စောင့်ကြည့်ခြင်း မပြုပေ။ သို့သော် ခရိုင်သည် ခရိုင်မှထုတ်ပေးထားသည့် စက်ပစ္စည်းများကိုမူ စောင့်ကြည့်စစ်ဆေးပါသည်။ ထို့ပြင် DCSD သည် အကယ်၍ စက်ပစ္စည်း ပျောက်ဆုံး သို့မဟုတ် ခိုးယူခံရသည့် ဖြစ်စဉ်များတွင်မူ ခရိုင်မှ ထုတ်ပေးထားသော စက်ပစ္စည်းများ၏ တည်နေရာအား ခြေရာခံမှုပြုပေသည်။

## ကိရိယာများ၏ လစဉ် အသုံးပြုမှု

DeKalb ကောင်တီကျောင်းခရိုင်သည် စက်ပစ္စည်းများအား လစဉ် စောင့်ကြည့်စစ်ဆေးမည် ဖြစ်သည်။ အကယ်၍ အသုံးပြုမှုများ နည်းနေသည်ကို ခရိုင်မှ သတိပြုမိပါက မည်သို့သော ပံ့ပိုးမှုများအား ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း ကြည့်ရှုရန်ငှာ မိဘ(များ)ထံသို့ ကျောင်းမှ ဆက်သွယ်လာမည် ဖြစ်သည်။ အကယ်၍ စက်ပစ္စည်းအား အသုံးပြုမှု နည်းလျှင် သို့မဟုတ် လက်သင့်ခံနိုင်သော အသုံးပြုမှုဆိုင်ရာ သဘောတူညီချက်အား ချိုးဖောက်ခဲ့လျှင် စက်ပစ္စည်းအား ပြန်အပ်ဖို့ရန် မိသားစုထံသို့ တောင်းဆိုခွင့်အား ခရိုင်မှ ထိန်းသိမ်းရရှိထားပါသည်။

## စက်ပစ္စည်း ထိခိုက်ပျက်စီးမှု၊ ပျောက်ဆုံးမှု သို့မဟုတ် ခိုးယူခံရမှုများအတွက် ဒဏ်ကြေးများ

မည်သည့်အကြောင်းကြောင့်မဆို သိလျက်နှင့်ဖြစ်စေ၊ ပေါ့လျော့၍ဖြစ်စေ မိမိအား ထုတ်ပေးထားသော စက်ပစ္စည်း သို့မဟုတ် တွဲဖက်ပစ္စည်း ပျောက်ဆုံးပါက သို့မဟုတ် ခိုးယူခံရပါက ကျောင်းသားနှင့် မိဘ/အုပ်ထိန်းသူများမှ အောက်ပါ ဒဏ်ကြေးများ ပေးလျော်ရမည်။

**အင်တာနက်ချိတ်ဆက်မှု ကိရိယာ အစားထိုးမှု**

| | |
|---|---|
| **ပျောက်ဆုံး/ခိုးယူခံရ/ပြင်မရအောင် ပျက်စီး** | • ပြန်လည်အစားထိုးကုန်ကျစရိတ် အပြီးအစီး (ချက်ခ်အောက်ပြုလုပ်စဉ် ရရှိသော စက်ပစ္စည်းပေါ်မူတည်ပြီး $90.00) |
| **ပြန်လည်ပြုပြင်နိုင်သော ပျက်စီးထိခိုက်မှု** | • ပျက်စီးထိခိုက်သွားသော စက်ပစ္စည်းများအား ပြန်လည်ပြင်ဆင်နိုင်ခြင်း ရှိမရှိ ဆုံးဖြတ်ရန်ငှာ DCSD အဖွဲ့ မှ အကဲဖြတ်စစ်ဆေးသွားမည် ဖြစ်သည်။ အကယ်၍ ပြင်မရအောင် ပျက်စီးပါက အပြီးအစီး အစားထိုး လဲလှယ်ခ ပေးရပါမည်။ အပေါ်တွင်ကြည့်ပါ။ |

**စက်ပစ္စည်းများအတွက် အပြည့်အဝ အစားထိုး ပေးလျော်မှု ကုန်ကျစရိတ်တွင် စက်ပစ္စည်း၊ ဆက်စပ်ပစ္စည်း အားလုံး၊ ဆော့ဖ်ဝဲ လိုင်စင်နှင့် တပ်ဆင်မှုတို့ ပါဝင်ပါသည်။*

**ခိုးယူခံရမှု-**

ကျောင်းသားထံ ထုတ်ပေးထားပြီးနောက်တွင် ခိုးယူခံရပါက ကျောင်းသားနှင့် မိဘ/အုပ်ထိန်းသူသည် အောက်ပါအတိုင်း တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။

- ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကို အသိပေးခြင်း
- ရဲစခန်းတွင် တိုင်ချက်ဖွင့်ခြင်း
- အပြီးအစီး အစားထိုး လဲလှယ်ခ ပေးလျော်ခြင်း

**ကျောင်းပြောင်းပါက/ကျောင်းထွက်ပါက စက်ပစ္စည်း သို့မဟုတ် တွဲဖက်ပစ္စည်းအား ပြန်လည်အပ်နံရန် ပျက်ကွက်ပါက -**

ကျောင်းပြောင်း သို့မဟုတ် ကျောင်းမှ နုတ်ထွက်သွားပြီး၊ ကိရိယာ သို့မဟုတ် တွဲဖက်ပစ္စည်းများမှန်သမျှအား ပြန်လည်ပေးအပ်ရန် ပျက်ကွက်သော ကျောင်းသားတစ်ဦးသည် အင်တာနက်ချိတ်ဆက်မှု ကိရိယာ၏ အစားထိုး ကုန်ကျစရိတ် အပြည့်အဝအား ပေးချေရန် တာဝန်ရှိမည် ဖြစ်သည်။

## မိဘ ခွင့်ပြုချက်နှင့် သဘောတူညီချက်

အောက်ပါ သဘောတူညီချက်ကို လက်မှတ်ထိုးခြင်းဖြင့် သင်သည် ဤစာပါ လမ်းညွှန်ချက်များကို ဖတ်ရှုနားလည်ပြီးဖြစ်ပြီး သင့်ကျောင်းသားအတွက် စက်ပစ္စည်းထုတ်ပေးခြင်းကို လက်ခံသည်ဟု အဓိပ္ပါယ်သက်ရောက်သည်။ အင်တာနက် ချိတ်ဆက်မှု စက်ပစ္စည်းသည် DCSD ၏ ပိုင်ဆိုင်မှုအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ပြီး၊ ခရိုင်မှ သင် ထွက်ခွာသည့်အခါတွင် ထို့ပြင်/သို့မဟုတ် နှစ်ဆုံး ပစ္စည်းပြန်လည်စုဆောင်းကောက်ခံမှု လုပ်ငန်းစဉ်ဆောင်ရွက်စဉ်တွင် စက်ပစ္စည်းအား ပြန်လည်ပေးအပ်ရမည်ဖြစ်သည်ကို သင် နားလည်သိရှိပါသည်။ ကျောင်းသား လက်ဝယ်တွင် စက်ပစ္စည်းရှိချိန်တွင် စက်နှင့် တွဲဖက်ပစ္စည်းများ ထိခိုက်ခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်းများအတွက် ကျောင်းသားတွင် တာဝန်ရှိပြီး ဤစာတွင် ဖော်ပြထားသည့် ဒဏ်ကြေးများအတိုင်း ပေးဆောင်ရမည်ကို နားလည်သဘောတူသည်။

ကျောင်းပြင်ပတွင်ရှိစဉ် ကျောင်းသား၏ ကိရိယာ အသုံးပြုမှုများနှင့်ပတ်သက်ပြီး စောင့်ကြည့်ကြပ်မတ်မှုပြုလုပ်ရန်၊ နှင့် ကိရိယာအား သင်ကြားပို့ချမှု ရည်ရွယ်ချက်များအတွက်သာလျှင် အသုံးပြုစေရန် သင် တစ်ဦးတည်းထံ၌ တာဝန်ရှိကြောင်း သင် နားလည်သိရှိကာ သဘောတူလက်ခံပါသည်။ အကယ်၍ မသင့်တင့်သော သို့မဟုတ် တားမြစ်ထားသော ဆောင်ရွက်မှုများအတွက် ကိရိယာအား ၎င်းတို့ အသုံးပြုခဲ့လျှင် ကျောင်းသားများသည် စည်းမျဉ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ခံရမည်ဖြစ်ကြောင်း သင် နားလည်သဘောပေါက်ပါသည်။

စက်ပစ္စည်းအား တလွဲအသုံးပြုမှု၊ အလွဲသုံးစားမှု၊ မွမ်းမံပြုပြင်မှု၊ ဟက်ကင်ဆောင်ရွက်မှု သို့မဟုတ် မျက်နှာပြင်အား ပြင်ဆင်ချယ်သမှု အစရှိသည်တို့ကြောင့်ဟု တမင်ရည်ရွယ်သည်ဖြစ်စေ တမင်ရည်ရွယ်ခြင်းမရှိသည်ဖြစ်စေ ဖြစ်ပေါ်လာသော ပျက်စီးထိခိုက်မှုများတို့အတွက် DeKalb ကောင်တီကျောင်းခရိုင်မှ တာဝန်ယူမည် မဟုတ်သည်ကို သင် နှင့် သင်၏ကျောင်းသားတို့မှ သဘောတူလက်ခံပါသည်။ Dekalb County ခရိုင်ကျောင်း၏ အင်တာနက်သုံးစွဲမှုဆိုင်ရာ သဘောတူညီချက်ကို မလိုက်နာသည့် ကျောင်းသားများအနေဖြင့် ကျောင်းမှချမှတ်ထားသည့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်းကို ခံရနိုင်ပါသည်။ ကျောင်းသားအနေဖြင့် စည်းကမ်းချိုးဖောက်ပါက ဝင်ရောက်သုံးစွဲခွင့်များ ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရပ်စဲခံရခြင်းအပြင် သင့်လျော်သော စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုကိုလည်း ခံရနိုင်ပါသည်။

**မိဘ/အုပ်ထိန်းသူ အမည်**

**(အပြည့်အစုံဖော်ပြပါ)-** ______________________________

**မိဘ/အုပ်ထိန်းသူ**

**လက်မှတ် -** ______________________________ ရက်စွဲ - ______________

DeKalb County School District

Digital Dreamers

## ကျောင်းသား သဘောတူညီချက်နှင့် လက်မှတ်

1. ကျောင်းမှထုတ်ပေးထားသည့် စက်ပစ္စည်းများကို သေချာစွာ ဂရုစိုက်ပါမည်။
    a. ထိခိုက်ပျက်စီးမှု မဖြစ်စေရန် ချိတ်ဆက်သည့် ကြိုးများကို စက်ထဲသို့ ဂရုတစိုက် ထည့်သွင်းရပါမည်။
    b. သော့ခတ်ထားခြင်းမရှိသော လော်ကာ၊ ကား သို့မဟုတ် ကြီးကြပ်မှုအောက်တွင်မရှိသော မမြင်ကွယ်ရာ ဧရိယာတစ်ခုခု၌ စက်ပစ္စည်းများအား မည်သည့်အခါမျှ ချန်ထားရစ်ခြင်း မပြုရပေ။
    c. ဆော့ဖ်ဝဲ/ဟာ့ဒ်ဝဲပြဿနာ မှန်သမျှကို ကျောင်းသား အကူအညီတောင်းခံရေး ပေါ်တယ်ဖြစ်သော Incident IQ မှတစ်ဆင့် တင်ပြပါ။
    d. စက်ပစ္စည်းကို ကောင်းစွာ ကာကွယ်ပါ။ အသုံးမပြုသောအခါ အပူချိန် ထိန်းညှိထားသော ပတ်ဝန်းကျင်တွင် ထားပါ။
2. ကျွန်ုပ်သည် ကျွန်ုပ်၏ ကျောင်းမှ ထုတ်ပေးထားသော စက်ပစ္စည်းကို အခြားသူများထံ ဘယ်တော့မှ ငှားရမ်းမည်မဟုတ်ပါ။
3. အစားအသောက်များကို စက်ပစ္စည်းနှင့် ဝေးရာတွင်ထားပါ။
4. ကျွန်ုပ်၏ ကျောင်း သို့မဟုတ် မည်သည့်ကျောင်းမှမဆို ထုတ်ပေးထားသည့် စက်ပစ္စည်းများကို ဖြုတ်ခြင်း၊ jail break လုပ်ခြင်း သို့မဟုတ် ဟက်ခြင်းများ မပြုလုပ်ပါ။
5. ကျွန်ုပ်သည် ကျွန်ုပ်၏ စက်ပစ္စည်းအား တစ်စုံတစ်ရာ ပြုပြင်ဖို့ ကြိုးစားရန် **ဆောင်ရွက်မည် မဟုတ်ပေ။**
6. ကျောင်းမှ ထုတ်ပေးထားသည့် စက်ပစ္စည်းကို တစ်ပါတည်းပါသည့် အိတ်တွင် ထည့်ပြီး ကာကွယ်သယ်ဆောင်ပါမည်။
7. ကျောင်းတွင်ဖြစ်စေ၊ အိမ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့်နေရာတွင်ဖြစ်စေ ကျွန်ုပ်၏ ကျောင်းမှ ထုတ်ပေးထားသော စက်ပစ္စည်းကို သင့်လျော်မှုရှိပြီး ကျောင်း၏ မျှော်လင့်ချက်များနှင့် ကိုက်ညီသော နည်းလမ်းများဖြင့် အသုံးပြုပါမည်။ ကျွန်ုပ်၏ စက်ပစ္စည်းကို မသင့်လျော်သော နည်းလမ်းတစ်ခုဖြင့် အသုံးပြုပါက ကျောင်းက စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှု ပြုလုပ်ပါမည်။
8. ကျွန်ုပ်သည် ကျောင်းမှထုတ်ပေးသော စက်ပစ္စည်းပေါ်၌ (စတစ်ကာ ကပ်ခွာများ၊ မာကာများ၊ အစရှိသည်တို့ဖြင့်) အလှဆင်ခြင်းအား **ပြုလုပ်မည် မဟုတ်ပေ။** ကျောင်းမှထုတ်ပေးသော စက်ပစ္စည်းတစ်ခုခုပေါ်ရှိ အမှတ်စဉ်နံပါတ် စတစ်ကာကို ဖျက်ဆီးမည်မဟုတ်ပါ။
9. ကျောင်းမှထုတ်ပေးထားသော စက်ပစ္စည်းကို ကျောင်းမှ အချိန်မရွေး ကြိုတင်အသိမပေးဘဲ ဝင်ရောက်စစ်ဆေးနိုင်သည်ကို နားလည်သိရှိပါသည်။ **စက်ပစ္စည်းပေါ်တွင် ကျွန်ုပ် လုပ်ဆောင်သမျှသည်ကျွန်ုပ်တစ်ဦးတည်း သာ သိနိုင်သည့် တစ်ကိုယ်ရည်အချက်အလက်များ မဟုတ်ပါ။**
10. ဆရာ/ဆရာမ သို့မဟုတ် ကျွန်ုပ်၏ ကျောင်းမှ လူကြီးတစ်ဦး သို့မဟုတ် ကျွန်ုပ်၏ မိဘ/အုပ်ထိန်းသူမှလွဲ၍ မည်သူနှင့်မျှ ကျွန်ုပ်၏ စကားဝှက်(များ)ကို မျှဝေမည်မဟုတ်ပါ။
11. အင်တာနက် ချိတ်ဆက်မှု စက်ပစ္စည်းသည် DCSD ၏ ပိုင်ဆိုင်မှုအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ပြီး၊ ခရိုင်မှ ထွက်ခွာသည့်အခါတွင် ထို့ပြင်/သို့မဟုတ် ကျောင်းပညာသင်နှစ်ဆုံး ပစ္စည်းပြန်လည်စုဆောင်းကောက်ခံမှု လုပ်ငန်းစဉ်ဆောင်ရွက်စဉ်အတွင်း စက်ပစ္စည်းအား ပြန်လည်ပေးအပ်ရမည်ဖြစ်သည်ကို ကျွန်ုပ် နားလည်သိရှိပါသည်။
12. အကယ်၍ စက်ပစ္စည်း ထိခိုက်၊ ပျောက်ဆုံး၊ ခိုးယူခံရပါက ကျွန်ုပ်မှ ပေးလျော်ရမည်ကို နားလည်သိရှိသည်။

**စက်ပစ္စည်း အသုံးပြုသူဆိုင်ရာ သဘောတူညီချက် နှင့် ကျောင်းသား သဘောတူညီချက်တို့အတွင်း ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများအား ကျွန်ုပ် သဘောတူလက်ခံပါသည်။**

**ကျောင်းသားအမည် (အပြည့်အစုံ ဖော်ပြပါ)-** ____________________________________

**ကျောင်းသား လက်မှတ်-** ______________________________________________ ရက်စွဲ - ____________